# 2025 南国市

# 家庭ごみの分け方・出し方

## လူနေအိမ်အမှိုက် ခွဲခြားနည်း/စွန့်ပစ်နည်း

**ဂေါ် မိစတေးရှင်း (အမှိုက်စုဆောင်းရေးနေရာ) သန့်ရှင်းနေစေဖို့ အမှိုက်စွန့်ပစ်မှု စည်းကမ်းတွေကို မဖြစ်မနေလိုက်နာပါ။**

- **အမှိုက်သိမ်းမယ့်နေ့ မနက် 5:00~8:00 အတွင်း ရပ်ကွက်ရဲ့ ဂေါ် မိစတေးရှင်းမှာ စွန့်ပစ်ပါ။**
- **ဒီဇင်ဘာ ၃၁ ကနေ ဇန်နဝါရီ ၃ ရက်အတွင်း အမှိုက်မသိမ်းပါ။**
- **အမှိုက်အိတ်သတ်မှတ်ချက်ရှိတဲ့ အမှိုက်အတွက် သတ်မှတ်အမှိုက်အိတ်ကို မဖြစ်မနေသုံးစွဲပါ။**

  * သတ်မှတ်အမှိုက်အိတ်ကို မြို့တွင်း ကုန်စုံဆိုင်၊ ကွန်ဗီနီ၊ မြို့အုပ်ချုပ်ရေးရုံး 2F အရောင်းဆိုင်တွေမှာ ရောင်းပါတယ်။
- **ရပ်ကွက်အလိုက် အမှိုက်သိမ်းနေ့ကို ဝက်ဘ်ဆိုက်မှာ စစ်ဆေးကြည့်ရှုပါ။ အမှိုက်သိမ်းနေ့ဇယားကို ဒီမှာကြည့်ပါ။▶**

  * ဇယားနဲ့ ကွဲလွဲတာမျိုး ရှိပါတယ်။ သက်ဆိုင်ရာ ရပ်ကွက် ဂေါ် မိစတေးရှင်းမှာရှိတဲ့ ဆိုင်းဘုတ်မှာ စစ်ဆေးကြည့်ပါ။

## မီးရှို့နိုင်တဲ့အမှိုက် ဂေါ် မိစတေးရှင်း

| | အမှိုက်ခွဲခြားနည်း | စွန့်ပစ်နည်းအတွက် သတိပြုစရာအချက် |
|---|---|---|
| **မီးရှို့နိုင်တဲ့အမှိုက်**<br>မီးရှို့နိုင်တဲ့အမှိုက် သတ်မှတ်အိတ်<br>အကြီး - ¥300<br>အလတ် - ¥200<br>အသေး - ¥150 | မီးဖိုချောင်အမှိုက် ရေကိုသေသေချာချာစစ်ပါ<br>သားရေ၊ ပိတ်စ၊ ရာဘာ၊ ချည်မျှင်များ<br>စက္ကူအပိုင်းအစ<br>အပင် (အချင်း 3cm အလျား 70cm အတွင်း) | ●စက္ကူဒိုက်ပါအနီးကို အညစ်အကြေးတွေဖယ်ရှားပါ။<br>●ဖူတွန်း၊ ကော်ဇော၊ ဖျာစတာတွေကို အနားတစ်ဘက်ကို 70cm အောက် ဖြစ်အောင်ဖြတ်၊ သတ်မှတ်အိတ်ထဲထည့်ပြီး စွန့်ပစ်ပါ။<br>●ပလတ်စတစ်အမာစားပစ္စည်းကို အထွေထွေအမှိုက်အဖြစ်စွန့်ပစ်ပါ။ |
| **ဘူးခွက် ထုပ်ပိုးပစ္စည်း /ပလတ်စတစ်**<br>ပြန်လည်အသုံးချအမှိုက် သတ်မှတ်အိတ်<br>အကြီး - ¥300<br>အလတ် - ¥200<br>သီးခြားအိတ်မှာ ထည့်ပါ | **အမှတ်အသားပါတဲ့ ပလတ်စတစ် ဘူးခွက်၊ ထုပ်ပိုးပစ္စည်း**<br>ပိုက်<br>ပလတ်စတစ်အိတ်<br>ဗန်း<br>အထုပ်<br>ဘူး<br>ဖော့ပစ္စည်း<br>ခွက်<br>တံဆိပ်/အဖုံး<br>**အလွန်အမင်းညစ်ပေနေတာ၊ အစိတ်စိတ်အမွှာမွှာ ဖြတ်တောက်ထားတာတွေဆိုရင် မီးရှို့နိုင်တဲ့အမှိုက်အဖြစ် စွန့်ပစ်ပါ။** | ●အထဲမှာပါတာကို ကုန်အောင်သုံးပါ။<br>●ရေနဲ့ကျင်းပါ၊ အစိတ်စိတ်အမွှာမွှာဖြစ်အောင် မဖြတ်ပါနဲ့။<br>●ပလတ်စတစ်အမာစားပစ္စည်းကိုအထွေထွေအမှိုက်အဖြစ်စွန့်ပစ်ပါ။<br>リサイクル: ပလတ်စတစ်ပစ္စည်းအတွက် ကုန်ကြမ်း၊ မီးလောင်ကျွမ်းမှု အားဖြည့်ဆေးနဲ့ ချွတ်ဆေး တွေအဖြစ် သုံးပါတယ်။ |
| **PET ပလတ်စတစ်ဘူးခွံ**<br>ပြန်လည်အသုံးချအမှိုက် သတ်မှတ်အိတ်<br>အကြီး - ¥300<br>အလတ် - ¥200 | **အမှတ်အသားပါတဲ့ပစ္စည်း** (PET)<br>တံဆိပ်၊ အဖုံးတွေကို ဖြုတ်ပြီး ဘူးခွက် ထုပ်ပိုးပစ္စည်း/ ပလတ်စတစ် အမှိုက်အဖြစ် စွန့်ပစ်ပါ။ ဘူးမှာကျန်ခဲ့တဲ့ အဖုံးရဲ့ကွင်းကို ဒီအတိုင်းထားလိုက်လို့ရပါတယ်။<br>အဖျော်ယမကာဘူး ဟင်းခတ်ပစ္စည်းဘူး အရက်သေစာဘူး | ●အထဲမှာပါတာကို ကုန်အောင်သုံးပြီး၊ ညစ်ပေနေရင် ရေဆေးပြီး စွန့်ပစ်ပါ။<br>●တစ်ဝက်လောက်ပြားချပ်သွားအောင် ဖိခြေလို့ရပေမဲ့ နဂိုပုံစံ မပျက်အောင်ထားပါ။<br>リサイクル: PET ပလတ်စတစ်ဘူးနဲ့ ဓာတုချည်မျှင်စတာတွေရဲ့ ကုန်ကြမ်းဖြစ်လာပါမယ်။ |
| **စက္ကူ/အဝတ်အထည်**<br>စက္ကူ - ကြိုးနဲ့စုချည်<br>အဝတ်အထည် - အတွင်းကိုမြင်နိုင်တဲ့အိတ် | **စက္ကူကို ၄ မျိုး ခွဲခြားစွန့်ပစ်ပါ။**<br>လက်ကမ်းစာစောင်/ သတင်းစာ<br>စာအုပ်/ မဂ္ဂဇင်း<br>စက္ကူဘူး/ ကတ်ထူပြားစသည်<br>နွားနို့ဘူးလို စက္ကူဘူး<br>အဝတ်အထည် | ●မိုးရွာတဲ့နေ့မှာ စက္ကူ စွန့်ပစ်တာကို ရှောင်ရှားပါ။<br>●အဝတ်အထည်ဆိုဒီအတိုင်းကောက်ဝတ်လို့ရတာမျိုးဖြစ်ရပါမယ်။<br>●အတွင်းခံ၊ ခြေအိတ်၊ စုတ်ပြဲနေတဲ့ အဝတ်၊ အတွင်းမှာ အလျူမီနီယံခံထားတဲ့ စက္ကူဘူး၊ အလွန်အမင်း ညစ်ပေနေတာတွေကို မီးရှို့နိုင်တဲ့အမှိုက်အဖြစ် စွန့်ပစ်ပါ။<br>リサイクル: အဝတ်အထည်ဟောင်းတွေကို နိုင်ငံခြားကိုပို့ပါတယ်။ စက္ကူနဲ့ ကတ်ထူပုံးတွေကို recycle စက္ကူ စတာတွေရဲ့ ကုန်ကြမ်းအဖြစ်သုံးပါတယ်။ |
| **ကတ်ထူဘူး**<br>ကြိုးနဲ့စုချည် | ကတ်ထူဖြတ်စအစွန်းကပျားအုံအကွက်လို အခေါင်းပေါက်ပါတဲ့အရာ။ ဖြတ်စအစွန်းကို ကြည့်ပြီး စက္ကူဘူး/စက္ကူအထူတွေနဲ့ ခွဲခြားပါ။ | ●ဂန်းတိပ်ကို အသုံးမပြုပါနဲ့။<br>●မိုးရွာတဲ့နေ့မှာ စွန့်ပစ်တာကို ရှောင်ရှားပါ။<br>●ရေစိမ့်ခံအောင် လုပ်ထားတဲ့ပစ္စည်းနဲ့ အလွန်အမင်း ညစ်ပေနေတာတွေကို သတ်မှတ်အိတ်နဲ့ထည့်ပြီး မီးရှို့နိုင်တဲ့အမှိုက်အဖြစ် စွန့်ပစ်ပါ။ |

## မီးမရှို့နိုင်တဲ့အမှိုက် ဂေါ် မိစတေးရှင်း

| | အမှိုက်ခွဲခြားနည်း | စွန့်ပစ်နည်းအတွက် သတိပြုစရာအချက် |
|---|---|---|
| **သံဘူး/ သံထည်**<br>အတွင်းကိုမြင်နိုင်တဲ့အိတ်<br>ကြီးတဲ့ပစ္စည်းဆိုရင် ဒီအတိုင်း | **အဖျော်ယမကာသုံး သံဘူးနဲ့ တခြားသံထည်တွေကို အိတ်သီးခြား ခွဲထည့်ပါ။**<br>အသေးစားဆိုင်ကယ် (50cc အထိ) ဓာတ်ဆီကို အကုန်ထုတ်ထားရပါမယ်<br>စက်ဘီး<br>ရေနံဆီသုံး အပူပေးစက်<br>ဓာတ်ငွေ့မီးဖို<br>အဖျော်ယမကာသုံး သံဘူး သံမဏိ အလျူမီနီယံ အခြား | ●အတွင်းကအရာကို မသိနိုင်တဲ့အိတ်မျိုး အသုံးမပြုရ။<br>●သံဘူးကို အထဲမှာပါတာ ကုန်အောင်သုံးပြီး ရေဆေး စွန့်ပစ်ပါ။<br>●စပရေးဘူး၊ ဂက်စ်ဘူးတွေကို မဖြစ်မနေ အထဲမှာပါတာ ကုန်အောင်သုံးပြီးမှ စွန့်ပစ်ပါ။ အပေါက်မဖောက်ပါနဲ့။<br>●သုတ်ဆေးထည့်ခဲ့တဲ့ ဘူးခွံအလွတ်ကို အထဲကအရာတွေကို ဖယ်ပြီး အထွေထွေအမှိုက်အဖြစ် စွန့်ပစ်ပါ။<br>リサイクル: အလျူမီနီယံနဲ့သံတွေအတွက် ကုန်ကြမ်းဖြစ်လာပါမယ်။ |
| **ပုလင်း**<br>အစားအစာသုံးပုလင်း သတ်မှတ်အိတ်<br>အလတ် - ¥200<br>အသေး - ¥150 | **အက်ကွဲမနေတဲ့အရာကို အရောင် ၃ မျိုး အလိုက်ခွဲခြားပါ။**<br>အရောင်မဲ့အကြည်<br>အညိုရောင်<br>အခြားအရောင်<br>အဖုံးကို လုပ်ထားတဲ့ပစ္စည်း အမျိုးအစားအလိုက် ခွဲခြားပါ။ | ●ပုလင်းဆိုတာ အဖျော်ယမကာ/ စားသုံးဆီပုလင်းနဲ့ အဖျား ပျောက်ဆေးလို ဆေးတွေရဲ့ပုလင်းဖြစ်ပါတယ်။<br>●အထဲမှာပါတာ ကုန်အောင်သုံးပြီး ရေဆေးပါ။<br>●အလှကုန်ပုလင်းကို အထွေထွေအမှိုက်အဖြစ် စွန့်ပစ်ပါ။<br>リサイクル: ပုလင်းလွတ်ကို ဖန်ထည် အတွက် ကုန်ကြမ်းအဖြစ် သုံးပါတယ်။ |
| **ပြဒါးပါဝင်နေတဲ့အမှိုက်**<br>ပြဒါးပါဝင်နေတဲ့ပစ္စည်း သတ်မှတ်အိတ်<br>အလတ် - ¥200 | **မတ်၊ ဇွန်၊ စက်တင်ဘာ၊ ဒီဇင်ဘာလတွေမှာ သိမ်းပါမယ်။** ဘူးထဲကထုတ်ပြီး သတ်မှတ်အိတ်ကို သုံးပါ။<br>ဓာတ်ခဲ/ ဓာတ်ခဲ အသေး/ အားပြန်သွင်းနိုင်တဲ့ဓာတ်ခဲ<br>မီးချောင်းအရှည်ဆိုရင် အိတ်ထဲကရှည် ထွက်နေလည်း ရပါတယ်။<br>အပူချိန်တိုင်းကိရိယာ/ အဖျားတိုင်းကိရိယာ/ မီးချောင်း (ကွဲနေတာလည်း ပါဝင်)<br>Ni-Cd / Ni-MH / Li-ion<br>လစ်သီယမ် အိုင်းယွန်း ဘက်ထရီ | ●မီးချောင်း၊ မီးလုံးတွေကို တတ်နိုင်သမျှ ရောင်းတဲ့ဆိုင်ကို ပြန်ပေးနိုင်အောင် လုပ်ဆောင်ပါ။<br>●မီးလုံး၊ မီးချောင်းစတတ်တာ၊ အသေးစားမီးသီး၊ LED မီးသီး တွေကို အထွေထွေအမှိုက်အဖြစ် စွန့်ပစ်ပါ။<br>●လစ်သီယမ် အိုင်းယွန်း ဘက်ထရီက ဖောင်းပွနေရင် သဘာဝပတ်ဝန်းကျင်ဌာနကို အကြောင်းကြားပါ။<br>リサイクル: ပြဒါးကို ထုတ်ယူပြီးနောက် ဆောက်လုပ်ရေးပစ္စည်းနဲ့ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်း တွေရဲ့ကုန်ကြမ်းအဖြစ် သုံးပါတယ်။ |
| **အထွေထွေအမှိုက်**<br>အတွင်းကိုမြင်နိုင်တဲ့အိတ်<br>ကြီးတဲ့ပစ္စည်းဆိုရင် ဒီအတိုင်း | **ပလတ်စတစ်အမာစားပစ္စည်း၊ မီးမရှို့နိုင်တဲ့ပစ္စည်းစသည်**<br>ကလေးကစားစရာ ဓာတ်ခဲကို ထုတ်ပါ<br>ပလတ်စတစ်အမာပစ္စည်း<br>ရေပုံး<br>အလှကုန်ပုလင်း<br>မြေထည်အိုး/ ပန်းကန်ခွက်ယောက်<br>မီးလုံး/ မီးချောင်းစတတ်တာ/ အသေးစားမီးသီး၊ LED မီးသီး<br>ကွဲတတ်တဲ့ပစ္စည်း | ●အတွင်းကအရာကို မသိနိုင်တဲ့အိတ်မျိုး အသုံးမပြုရ။<br>●ဖန်ကွဲ၊ မှန်ကွဲတွေကို သတင်းစာစက္ကူနဲ့ထုပ်ပိုး အန္တရာယ်မရှိ အောင်လုပ်ပြီး အိတ်မှာ စာကပ်အသိပေးပါ။<br>●မီးခြစ်ကို မဖြစ်မနေ အထဲမှာပါတာ ကုန်အောင်သုံးပြီးမှ စွန့်ပစ်ပါ။<br>**အကြီးစားအမှိုက်ဖြစ်ရင် သဘာဝပတ်ဝန်းကျင်ဌာနကို အကြောင်းကြားပါ။**<br>အထွေထွေအမှိုက်ကို နောက်ဆုံးအဆင့်စွန့်ပစ် နေရာမှာ အများအားဖြင့် မြေမြှုပ်စွန့်ပစ်ပါတယ်။ |

တခြား မရှင်းလင်းတဲ့အချက်ရှိရင် သဘာဝပတ်ဝန်းကျင်ဌာနကို ဆက်သွယ်မေးမြန်းပါ။

**နန်းကိုကုမြို့အုပ်ချုပ်ရေးရုံး ကိုယ်စားပြု ဖုန်း - 088-863-2111 / သဘာဝပတ်ဝန်းကျင်ဌာန ဖုန်း - 088-880-6557**